ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

# ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနများ၏ အလုပ်အကိုင်ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်များနှင့် အကြံပြုတင်ပြချက်များ

ဂျာမနီ နှင့် ပူးပေါင်းဆောင်ရွက်မှု
DEUTSCHE ZUSAMMENARBEIT

Supported by
giz Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH

၂၀၁၈ ခုနှစ် ၊ ဇွန် လ

## မာတိကာ

အမှာစာ
၁။ နိဒါန်း
၂။ ရည်ရွယ်ချက်
၃။ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများ၏ အားသာချက် ၊ အားနည်းချက် ၊ အခွင့်အလမ်းနှင့်ခြိမ်းခြောက်မှုများ ကို ခွဲခြားစိတ်ဖြာလေ့လာခြင်း (SWOT Analysis)
၄။ NSSA အသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားသော စစ်ဆေးအကဲဖြတ်ရေးဌာနများ
၅။ စစ်ဆေးအကဲဖြတ်ရေးဌာနများ၏ တည်နေရာနှင့် ဒေသအလိုက်တည်ရှိမှု
၆။ Pilot Test အဖြစ် စစ်ဆေးအကဲဖြတ်ရေးဌာနများတွင် စစ်ဆေးအကဲဖြတ်ခဲ့သည့် အလုပ်အကိုင်များ
၇။ ကျွမ်းကျင်လုပ်သား (၅၀၀၀) လက်မှတ်ထုတ်ပေးရေးစီမံချက် (၂၀၁၇-၂၀၁၈)
၈။ စစ်ဆေးအကဲဖြတ်ရေးဌာနများသို့စစ်ဆေးရေးသွားရောက်ခြင်းနှင့်သွားရောက်ခဲ့သည့် အဖွဲ့များ၏ တွေ့ရှိချက်များ
၉။ စစ်ဆေးအကဲဖြတ်ရေးဌာနများ၏ နည်းပညာနှင့် ဘဏ္ဍာရေးထောက်ပံ့မှု အခြေအနေများ
၁၀။ စစ်ဆေးအကဲဖြတ်ရေးဌာနများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုတင်ပြချက်များ
၁၁။ နိဂုံး

## အမှာစာ

ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများသည် သက်ဆိုင်ရာ အလုပ်အကိုင်များအလိုက် လုပ်သားများကို ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းစဉ်တွင် အဓိက အခန်းကဏ္ဍမှ ပါဝင် ပြီး လုပ်ငန်းစဉ်များ အနေဖြင့် အောက်ဖော်ပြပါတို့ကို ဆောင်ရွက်ရပါသည်-

(က) စစ်ဆေးအကဲဖြတ်ရေးဌာန တည်ထောင်ရန် လိုအပ်သော အခြေခံ အဆောက်အဦ (Infrastructure) များ အတွက် ပြင်ဆင်ရခြင်း ၊

(ခ) စစ်ဆေးအကဲဖြတ်ရာတွင် အသုံးပြုရမည့် ပစ္စည်းများ ၊ စက်ကိရိယာများ ၊ ကိရိယာ တန်ဆာ ပလာများ ၊ ကုန်ကြမ်းပစ္စည်းများ စသည်တို့ကို ပြင်ဆင်ရခြင်း ၊

(ဂ) ဖြေဆိုမည့် လုပ်သားများကို စုစည်းရခြင်း၊

(ဃ) စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းစဉ်တွင် အသုံးပြုသော စာရွက်စာတမ်းများ ပြင်ဆင် ရခြင်း ၊

အထက်ဖော်ပြပါ လုပ်ငန်းစဉ်အားလုံးသည် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်း မဆောင်ရွက်မီ ၊ ဆောင်ရွက်နေစဉ်နှင့် ဆောင်ရွက်ပြီးကာလများတွင် အချိန်မီ ပြင်ဆင် ဆောင်ရွက်ရ ပါသည်။ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေး လုပ်ငန်းများကိုလည်း ချမှတ်ထားသည့် လုပ်ထုံး လုပ်နည်း များနှင့် အညီ ဆောင်ရွက်ခြင်း ရှိ/မရှိ ကို မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) မှ ဖွဲ့စည်းတာဝန်ပေးအပ်သည့် အဖွဲ့က စစ်ဆေးပြီး အပြန်အလှန် ထိန်းကျောင်း သည့် စနစ်ကို အကောင်အထည်ဖော်လျက် ရှိကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအနေဖြင့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) စတင်တည်ထောင်သည့် ကာလတွင်ပင် အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ကျွမ်းကျင်မှုလက်မှတ်ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက် ရှိပါသည်။

ဤ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနများ၏ အလုပ်အကိုင်ကျွမ်းကျင်မှု စစ်ဆေး အကဲဖြတ် ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ လေ့လာ တွေ့ရှိချက်များနှင့် အကြံပြုတင်ပြချက်များသည် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ပညာရှင်များက မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ မှ တာဝန်ပေးချက်အရ အခါအားလျော်စွာ ကျွမ်းကျင်မှု စစ်ဆေး အကဲဖြတ် ရေး ဌာနများသို့ သွားရောက် စစ်ဆေးရာတွင် တွေ့ရှိချက်များ အပေါ် အခြေခံ၍ အကဲဖြတ် စစ်ဆေးရေး ဌာန များ ၏ လိုအပ်ချက်များကို လေ့လာသုံးသပ်တင်ပြထားခြင်း ဖြစ်ပါသည်။

ဤလုပ်ငန်းဆောင်ရွက်ရန် အတွက် တာဝန်ပေးအပ်သော မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ၊ အကူအညီပေးအပ်သော ဂျာမနီ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ) နှင့် ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့သူများကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကိုယ်စား အထူး ကျေးဇူးတင်ရှိပါသည်။

ဦးလင်း
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

# ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနများ၏
# အလုပ်အကိုင်ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍
# လေ့လာတွေ့ရှိချက်များနှင့် အကြံပြုတင်ပြချက်များ

## ၁။ နိဒါန်း

လုပ်သားထုအတွင်းရှိ ကျွမ်းကျင်လုပ်သားများကို သက်ဆိုင်ရာ အလုပ်အကိုင်များအလိုက် အသိအမှတ်ပြု လက်မှတ်များထုတ်ပေးရေး လုပ်ငန်းစဉ်တွင် ကျွမ်းကျင်မှု အဆင့်အလိုက် ကျွမ်းကျင်မှု "စံ" များတွင် သတ်မှတ်ပြဋ္ဌာန်းထားသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်း ရှိ၊မရှိကို စာတွေ့ ၊ လက်တွေ့ စစ်ဆေးမှုများခံယူပြီး "စံ" နှုန်းများနှင့် ကိုက်ညီအောင် ဆောင်ရွက်နိုင်သူများကို အမျိုးသား အဆင့် ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးလျက် ရှိပါသည်။

ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေး ယန္တရားကြီးတွင် ကျွမ်းကျင်မှု အကဲဖြတ်စစ်ဆေးရေးဌာနများ (Testing Center) ၊ စစ်ဆေးရေးမှူးများ (Assessor)၊ ကျွမ်းကျင်မှု စစ်ဆေးခံသူများ (Candidate) သည် အဓိက အခန်းကဏ္ဍမှ ပါဝင်ကြပြီး အဆိုပါ ယန္တရားကြီးကို ဟန်ချက်ညီမျှစေရန် မောင်းနှင်သူများမှာ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority-NSSA) နှင့် NSSA အောက်ရှိ အလုပ်အကိုင် ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေး ကော်မတီများ ၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ် ပြုရေးကော်မတီ တို့ ဖြစ်ပါသည်။

ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် လက်မှတ်ထုတ်ပေးရေး (Skills Testing and Certification) လုပ်ငန်းစဉ်များကို ၂၀၁၄ ခုနှစ်မှ စတင်၍ စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ရာတွင် ပြည်တွင်းမှ အစိုးရ ဝန်ကြီးဌာနများ ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ နှင့် ပြည်ပမှ GIZ ၊ Swiss Contact တို့ကဝိုင်းဝန်းပြီး ဆောင်ရွက်ခဲ့ကြသဖြင့် မြန်မာနိုင်ငံ တစ်ဝန်းတွင် တစ်နှစ်ထက်တစ်နှစ် ကျွမ်းကျင်မှု လက်မှတ်ထုတ်ပေးနိုင်မှုမှာ တိုးတက်လျက် ရှိနေပါသည်။

ထို့အတူ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများသည် ၂၀၁၄ ခုနှစ် လုပ်ငန်းများ စတင် ဆောင်ရွက်ရာ တွင် အလုပ်အကိုင် (၅) မျိုးအတွက်သာ ရှိသော်လည်း ယခုအခါတွင် အလုပ်အကိုင် ပေါင်း (၂၉) မျိုး အတွက် စစ်ဆေးအကဲဖြတ်ရေးဌာနပေါင်း (၉၁) ခု ကျော် ရှိနေပြီ ဖြစ်ပါသည်။

## ၂။ ရည်ရွယ်ချက်

ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနများ၏ အလုပ်အကိုင်ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ် ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်များနှင့် အကြံပြုတင်ပြချက်များ အစီရင်ခံစာကို ပြုစုတင်ပြရခြင်း ရည်ရွယ်ချက်မှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများ၏ စွမ်းဆောင်မှုများနှင့် ပတ်သက်၍ လေ့လာသုံးသပ်ရန် ၊

(ခ) ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများတွင် ဆောင်ရွက်ရန် လိုအပ်သော အချက်များကို အကြံပြုတင်ပြရန် ၊

## ၃။ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများ၏ အားသာချက် ၊ အားနည်းချက် ၊ အခွင့်အလမ်းနှင့် ခြိမ်းခြောက်မှုများ ကို ခွဲခြားစိတ်ဖြာလေ့လာခြင်း (SWOT Analysis)

**အားသာချက် (Strength)**

၁။ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများသည် နိုင်ငံတစ်ဝန်း၌တည်ရှိပြီး တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာခြင်း ၊

၂။ ကျွမ်းကျင်မှု စစ်ဆေးခံယူမည့်သူများ တိုးတက်များပြားလာခြင်း ၊

**အားနည်းချက် (Weakness)**

၁။ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများသည် နိုင်ငံတကာ အဆင့်မီရန် အတွက် စမ်းသပ်စစ်ဆေးသော စက် ပစ္စည်းများ ၊ စစ်ဆေးတိုင်းတာသော ကိရိယာများ စသည်တို့တွင် လိုအပ်ချက်များ ရှိခြင်း၊

၂။ စစ်ဆေးအကဲဖြတ်ရန် ကုန်ကျစရိတ်များ အတွက် အစိုးရနှင့် ပုဂ္ဂလိက ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများကို မှီခိုနေရခြင်း၊

၃။ အချို့သော စစ်ဆေးအကဲဖြတ်ရေးဌာနများသည် အသိအမှတ်ပြုလက်မှတ်သက်တမ်း (၂) နှစ်အတွင်း စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု မရှိခြင်း ၊

**အခွင့်အလမ်း (Opportunity)**

၁။ လုပ်သားများ၏ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ လိုအပ်ချက် များပြားလာခြင်း၊

၂။ အစိုးရနှင့် ပုဂ္ဂလိက ၊ ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများ၏ ထောက်ပံ့မှုများ ပိုမိုများပြားလာခြင်း၊

**ခြိမ်းခြောက်မှုများ (Threats)**

၁။ စဉ်ဆက်မပြတ်တိုးတက်စေရန် နည်းပညာ၊ ဘဏ္ဍာရေး အထောက်အပံ့များကိုအလုံးစုံမရရှိနိုင်ခြင်း ၊


၂။ လုပ်ငန်းရှင်များ ၊ လုပ်သားများက ကျွမ်းကျင်မှုလက်မှတ်၏ တန်ဖိုးကို နားလည်သိရှိခြင်း မရှိပါက ကျွမ်းကျင်မှု စစ်ဆေးခံယူမည့် လုပ်သားအရေအတွက် နည်းပါးနိုင်ခြင်း ၊

၃။ လုပ်ငန်းလည်ပတ်စရိတ် အတွက် တွက်ချေမကိုက်ပါက စစ်ဆေးရေးဌာနများ လုပ်ငန်း ရပ်ဆိုင်းနိုင်ခြင်း ၊

## ၄။ NSSA အသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားသော စစ်ဆေးအကဲဖြတ်ရေးဌာနများ

NSSA မှ နှစ်အလိုက် အသိအမှတ်ပြုခဲ့သည့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများကို လေ့လာ ကြည့်ပါက ဒေသအလိုက် တည်ရှိနေမှုအရ လည်းကောင်း ၊ အလုပ်အကိုင်အရ သော်လည်းကောင်း တစ်နှစ်ထက် တစ်နှစ် တိုးတက်များပြားလာမှုကို တွေ့ရှိရပါသည်။ Fast Track Skills Testing and Certification စတင်သည့် ၂၀၁၄ ခုနှစ် တွင် စစ်ဆေးအကဲဖြတ်ရေးဌာန (၅) ခု ၊ ၂၀၁၅ ခုနှစ်တွင် (၁၀) ခု ၊ ၂၀၁၆ ခုနှစ် တွင် (၂၃) ခု ၊ ၂၀၁၇ ခုနှစ် တွင် (၄၀) ခု နှင့် ၂၀၁၈ ခုနှစ် (မေလ) အထိ (၁၂) ခု ၊ **စုစုပေါင်း (၉၁) ဌာန** အထိ ပြည်နယ်နှင့် တိုင်းဒေသကြီး များတွင် တိုးတက်များပြားလာခဲ့ပါသည်။ **(မှတ်ချက်** ။ စစ်ဆေးအကဲဖြတ်ရေးဌာန အရေအတွက် မှာ အလုပ်အကိုင် အရ စုစုပေါင်း ရေတွက်ပါက (၉၁) ခု ရှိသော်လည်း အချို့သော ဌာန များတွင် အလုပ်အကိုင် (၁) ခုထက် ပိုမိုပါသဖြင့် အမှန်တကယ် ရှိသော စုစုပေါင်း စစ်ဆေးရေးဌာန အရေအတွက် မှာ (၄၆) ဌာန သာ ဖြစ်ပါသည်) ။

**စစ်ဆေးအကဲဖြတ်ရေးဌာနများ၏ နှစ် အလိုက် တိုးတက်မှု အခြေအနေ**





## ၅။ စစ်ဆေးအကဲဖြတ်ရေးဌာနများ၏ တည်နေရာနှင့် ဒေသအလိုက်တည်ရှိမှု

၂၀၁၈ ခုနှစ်၊ မေလအထိ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု“စံ”သတ်မှတ်ပြဌာန်းရေး အဖွဲ့ ( NSSA) မှ အသိအမှတ်ပြုထားသည့် စစ်ဆေးအကဲဖြတ်ရေးဌာန စုစုပေါင်း (၉၁) ခု၏ စာရင်း


ကို **နောက်ဆက်တွဲ (က)** တွင် ဖော်ပြအပ်ပါသည်။ စစ်ဆေးအကဲဖြတ်ရေး ဌာန များ၏ တည်နေရာနှင့် ဒေသအလိုက် ပျံ့နှံ့တည်ရှိမှုကို အောက်ဖော်ပြပါ မြေပုံတွင် တွေ့ရှိနိုင်ပါသည်-

**စစ်ဆေးအကဲဖြတ်ရေး ဌာန များ၏ ပြည်နယ်နှင့် တိုင်းဒေသကြီး အလိုက် တည်ရှိမှုအခြေအနေ**




ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန (၉၁) ဌာန တွင် ရန်ကုန်တိုင်းဒေသကြီးသည် စုစုပေါင်း (၅၀) ဖြင့် ၅၅ ရာခိုင်နှုန်းရှိပြီး ၊ မန္တလေးတိုင်းဒေသကြီးတွင် (၁၂) ဌာနဖြင့် ၁၃ ရာခိုင်နှုန်း ၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် (၆) ဌာန စီဖြင့် ၇ ရာခိုင်နှုန်း ၊ နေပြည်တော်တွင် (၄) ဌာန ဖြင့် ၅ ရာခိုင်နှုန်း ၊မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် (၄) ဌာနစီဖြင့် ၄ ရာခိုင်နှုန်း ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တွင် (၂) ဌာနစီဖြင့် ၂ ရာခိုင်နှုန်း ၊ ကရင်ပြည်နယ်တွင် (၁) ဌာနဖြင့် ၁ ရာခိုင်နှုန်း အသီးသီးရှိကြောင်း တွေ့ရှိရပါသည်။ ကျန်ရှိသော ပြည်နယ်နှင့် တိုင်း ဒေသကြီးများဖြစ်သော ကချင်ပြည်နယ်၊ ကယားပြည်နယ် ၊ ချင်းပြည်နယ် ၊ ရခိုင်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် စစ်ဆေးအကဲဖြတ်ရေးဌာနများ လိုအပ်လျက် ရှိကြောင်း တွေ့ရှိရ ပါသည်။

## ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနများ၏ တည်ရှိရာပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ပျံ့နှံ့မှု ရာခိုင်နှုန်း




ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများတွင် ဟိုတယ် စားပွဲထိုးဝန်ထမ်း (အဆင့် ၁) [Waiting Staff] နှင့် အိပ်ခန်းဆောင်ဝန်ထမ်း (အဆင့် ၁) [Room Attendent] တို့သည် **စုစုပေါင်း (၁၃) ဌာန** ဖြင့် အများဆုံး ဖြစ်ပြီး ၊ အထည်ချုပ်ကျွမ်းကျင်သူ (အဆင့် ၁) သည် **စုစုပေါင်း (၈) ဌာန**ဖြင့် ဒုတိအများဆုံး ဖြစ်ကာ ၊ ဂဟေဆက်လုပ်သား (Maunaul Metal Arc Welder - MMAW) (အဆင့် ၁) သည် **စုစုပေါင်း (၇) ဌာန** ဖြင့် တတိယအများဆုံးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု **"စံ"** သတ်မှတ်ပြဌာန်းရေးအဖွဲ့ (NSSA) အသိအမှတ်ပြု ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန တစ်ခုချင်းစီအလိုက် အသိအမှတ်ပြုထားသော အလုပ်အကိုင်များနှင့် စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ခြင်း မရှိသည့် အလုပ်အကိုင်များ ၊ ၁ ကြိမ်သာ ဆောင်ရွက်နိုင်သည့် အလုပ်အကိုင်များ နှင့် ၁ ကြိမ်ထက်ပိုမို ဆောင်ရွက်နိုင်သည့် အလုပ်အကိုင်တို့ကို ဖော်ပြပါ **ဇယား (၁)** တွင် တွေ့ရှိနိုင်မည် ဖြစ်ပါသည်။

ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန အချို့သည် အလုပ်အကိုင် (၁) ခုထက်ပို၍ အသိအမှတ်ပြု လက်မှတ်များ ရယူထားသော်လည်း အောက်ဖော်ပြပါ အချက်များကြောင့် ကျွမ်းကျင်မှု စစ်ဆေး အကဲဖြတ်ခြင်း (၁) ကြိမ် (သို့မဟုတ်) လုံး၀ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်-

(က) ကျွမ်းကျင်မှု ဖြေဆိုမည့် လုပ်သား မရရှိခြင်း ၊

(ခ) စစ်ဆေးအကဲဖြတ်သည့် ကုန်ကျစရိတ်များပြားခြင်း ၊

(ဂ) လုပ်ငန်းရှင်များ၏ လုပ်သားများ စေလွှတ်၍ ကျွမ်းကျင်မှု ဖြေဆိုရန်အတွက် ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း ၊

၂၀၁၈ ခုနှစ် ၊ အတွင်းတွင် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနအဖြစ် အသိအမှတ်ပြု လက်မှတ်ရရှိထားသော စစ်ဆေးရေးဌာန (၇) ခု ကို ချန်လှပ်ပြီး ကျန် စစ်ဆေးရေးဌာန (၃၉) ဌာန ၏ စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းများကို သုံးသပ်ပါက ကျွမ်းကျင်မှု စစ်ဆေးရေးဌာန (၁၃) ဌာန တွင် အလုပ်အကိုင်(၁၈) မျိုးကို လုံး၀ လုပ်ငန်း ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါ ဌာနများနှင့် စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်း လုံး၀ဆောင်ရွက်နိုင်ခြင်း မရှိသော အလုပ်အကိုင် များကို **ဇယား (၂)** တွင် ဖော်ပြထားပါသည်။

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဌာန်းရေးအဖွဲ့ (NSSA) မှ စစ်ဆေးအကဲဖြတ်ရေးဌာနများသို့ ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်၏ သက်တမ်းကာလမှာ (၂) နှစ် ဖြစ်ပါသဖြင့် **ပထမ တစ်နှစ်သက်တမ်းအတွင်းတွင်** လုပ်ငန်းဆောင်ရွက်နိုင်ခြင်း မရှိသော စစ်ဆေးအကဲဖြတ်ရေးဌာနများကို သတိပေးစာများ ထုတ်ပြန်ခြင်း ၊ လုပ်ငန်းဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ရေးဆွဲတင်ပြစေခြင်း ၊ လိုအပ်သော ပံ့ပိုးမှု တို့ကို စီစဉ်ဆောင်ရွက်ခြင်း စသည် တို့ကို ပြုလုပ်သင့်ပါသည်။

သို့ပါသော်လည်း ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန အသိအမှတ်ပြု လက်မှတ် သက်တမ်း ကုန်ဆုံးသွားချိန်ဖြစ်သည့် **(၂) နှစ် ကာလအတွင်း** ကျွမ်းကျင်မှု စစ်ဆေး အကဲဖြတ်ရေး လုပ်ငန်းများ လုံး၀ ဆောင်ရွက်နိုင်ခြင်း မရှိသည့် **စစ်ဆေးအကဲဖြတ်ရေးဌာနများ၏ သက်တမ်းတိုး ဆောင်ရွက်မှုများကို ငြင်းပယ်သင့်ပါသည်။**

နောက်တစ်ကြိမ် လျှောက်ထားရာတွင်လည်း အောက်ဖော်ပြပါ စာရွက်စာတမ်းများ တင်ပြပြီးမှသာ လိုအပ်သော ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် စစ်ဆေးအကဲဖြတ်ရေးဌာန အဖြစ် အသိအမှတ်ပြုခြင်းကို ဆက်လက် ဆောင်ရွက်သင့်ပါသည်-

(က) စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အစီအစဉ်

(ခ) တစ်နှစ်လျှင် အနည်းဆုံး စစ်ဆေးအကဲဖြတ်နိုင်မည့် လုပ်သားအရေအတွက်

(ဂ) စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းဆောင်ရွက်ရန် အတွက် ရန်ပုံငွေ လိုအပ်ခြင်း ရှိ/မရှိ

(ဃ) စစ်ဆေးအကဲဖြတ်မည့် စစ်ဆေးရေးမှူးများ လုံလောက်ခြင်း ရှိ/မရှိ

# ဇယား (၁) ။ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများနှင့် အသိအမှတ်ပြု အလုပ်အကိုင်များ

| Sr.No | Occupations / Assessment Centers | Air Con | Cabinet Maker | Carpenter | Brick Layer | Electrician | Waiting Staff | MMAW | GMAW | Cashier | Garment | Room Attendent | Sales Person | Automobile | Foundry | Machinist | Motorized Farm | Tiler | Small Engine | Forklift | Hydraulic Excavator | Rubber Latex | Pneumatic-2 | Air Con-2 | Electrician-2 | Cabinet Maker(2) | Carpenter (2) | Brick Layer (2) | MMAW (2) | Garment(2) | Total |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 1 | STC (Yankin) | | | | | | | | | | | | | | | | | | | | | | | | | | | | | | 4 |
| 2 | STC (North Dagon) | | | | | | | | | | | | | | | | | | | | | | | | | | | | | | 2 |
| 3 | STC (Mandalay) | | | | | | | | | | | | | | | | | | | | | | | | | | | | | | 3 |
| 4 | STC (Setse) | | | | | | | | | | | | | | | | | | | | | | | | | | | | | | 3 |
| 5 | CCTC (Thuwunna) | | | | | | | | | | | | | | | | | | | | | | | | | | | | | | 5 |
| 6 | CVT Myanmar (Yangon) | | | | | | | | | | | | | | | | | | | | | | | | | | | | | | 7 |
| 7 | TRC Monsoon Restaurant (Yangon) | | | | | | | | | | | | | | | | | | | | | | | | | | | | | | 1 |
| 8 | Holly Hotel (Yangon) | | | | | | | | | | | | | | | | | | | | | | | | | | | | | | 2 |
| 9 | Star Resources (Yangon) | | | | | | | | | | | | | | | | | | | | | | | | | | | | | | 2 |
| 10 | Ngwe Moe Hotel (Mawlamyine) | | | | | | | | | | | | | | | | | | | | | | | | | | | | | | 2 |
| 11 | Tungapuri Hotel (Nay Pyi Taw) | | | | | | | | | | | | | | | | | | | | | | | | | | | | | | 2 |
| 12 | Amazing Hotel (Chaung Tha) | | | | | | | | | | | | | | | | | | | | | | | | | | | | | | 2 |
| 13 | Cherry Hills (Yangon) | | | | | | | | | | | | | | | | | | | | | | | | | | | | | | 1 |
| 14 | MHVTC (Mandalay) | | | | | | | | | | | | | | | | | | | | | | | | | | | | | | 2 |
| 15 | Mingalar Thiri Hotel (Nay Pyi Taw) | | | | | | | | | | | | | | | | | | | | | | | | | | | | | | 2 |
| 16 | Swen Hotel (Pathein) | | | | | | | | | | | | | | | | | | | | | | | | | | | | | | 2 |
| 17 | ITC Mandalay | | | | | | | | | | | | | | | | | | | | | | | | | | | | | | 3 |
| 18 | ITC Pakokku | | | | | | | | | | | | | | | | | | | | | | | | | | | | | | 2 |
| 19 | ITC Sinde | | | | | | | | | | | | | | | | | | | | | | | | | | | | | | 3 |
| 20 | ITC Magway | | | | | | | | | | | | | | | | | | | | | | | | | | | | | | 1 |
| 21 | ITC Thagaya | | | | | | | | | | | | | | | | | | | | | | | | | | | | | | 2 |
| 22 | Kabar (Yangon) | | | | | | | | | | | | | | | | | | | | | | | | | | | | | | 1 |
| 23 | Arbourfield (Yangon) | | | | | | | | | | | | | | | | | | | | | | | | | | | | | | 3 |

| Sr.No | Occupations / Assessment Centers | Air Con | Cabinet Maker | Carpenter | Brick Layer | Electrician | Waiting Staff | MMAW | GMAW | Cashier | Garment | Room Attendent | Sales Person | Automobile | Foundry | Machinist | Motorized Farm | Tiler | Small Engine | Forklift | Hydraulic Excavator | Rubber Latex | Pneumatic-2 | Air Con-2 | Electrician-2 | Cabinet Maker(2) | Carpenter (2) | Brick Layer (2) | MMAW (2) | Garment(2) | Total |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 24 | Uniteam (Yangon) | | | | | | | [green] | [red] | | | | | | | | | | | | | | | | | | | | [red] | | 3 |
| 25 | Thukhasusan (Yangon) | [red] | | | | [red] | | [green] | | | | | | | | | | | | | | | | | [red] | | | | | | 4 |
| 26 | Orange Garment (Yangon) | | | | | | | | | | [green] | | | | | | | | | | | | | | | | | | | | 1 |
| 27 | Lat War (Yae Ni) | | | | | | | | | | [green] | | | | | | | | | | | | | | | | | | | | 1 |
| 28 | No. 10 Garment Factory(Taung Tha) | | | | | | | | | | [green] | | | | | | | | | | | | | | | | | | | | 1 |
| 29 | Myanmar Garment HRDC (Yangon) | | | | | | | | | | [green] | | | | | | | | | | | | | | | | | | | [orange] | 2 |
| 30 | No. 3 Garment Factory (Sagaing) | | | | | | | | | | [green] | | | | | | | | | | | | | | | | | | | | 1 |
| 31 | No. 6 Garment Factory (Sarlingyi) | | | | | | | | | | [green] | | | | | | | | | | | | | | | | | | | | 1 |
| 32 | Aung Myin Hmu Garment Factory | | | | | | | | | | [green] | | | | | | | | | | | | | | | | | | | | 1 |
| 33 | Glory Career (Yangon) | | | | | | | | | | | | | [green] | | | | | | | | | | | | | | | | | 1 |
| 34 | Myanmar Kaido (Yangon) | | | | | | | | | | | | | | | | | | | [green] | | | | | | | | | | | 1 |
| 35 | Mechanical Training Center (Yangon) | | | | | | | | | | | | | | [orange] | | | | | | [green] | | | | | | | | | | 2 |
| 36 | Mechinery Operation Training Center (Yangon) | | | | | | | | | | | | | | | | | | | | [green] | | | | | | | | | | 1 |
| 37 | MFCT (Meiktila) | | | | | | | | | | | | | | | | [green] | | | | | | | | | | | | | | 1 |
| 38 | Sea Lion (yangon) | | | | | | | | | | | | | | | | | | | | | | [green] | | | | | | | | 1 |
| 39 | R&D Farm (Mudon) | | | | | | | | | | | | | | | | | | | | | [green] | | | | | | | | | 1 |
| 40 | Inle HHVTC | | | | | | [red] | | | | | [red] | | | | | | | | | | | | | | | | | | | 2 |
| 41 | Hpa-an Lodge Hotel | | | | | | | | | | | [red] | | | | | | | | | | | | | | | | | | | 1 |
| 42 | Myan Shwe Pyi (Yangon) | | | | | | | | | | | | | | | | | | | | [red] | | | | | | | | | | 1 |
| 43 | Htet Oo (Yangon) | | | | [red] | | | | | | | | | | | | | [red] | | | | | | | | | | | | | 2 |
| 44 | Central TC (Yangon) (Boarder Affairs) | | | | | | | | | | [red] | | | | | | | | | | | | | | | | | | | | 1 |
| 45 | MHTI (Yangon) | | | | | | [red] | | | | | [red] | | | | | | | | | | | | | | | | | | | 2 |
| 46 | Amazing Academy (Bagan) | | | | | | [red] | | | | | [red] | | | | | | | | | | | | | | | | | | | 2 |
| | **Total** | 3 | 1 | 2 | 3 | 6 | 13 | 7 | 4 | 2 | 8 | 13 | 1 | 3 | 1 | 2 | 1 | 2 | 1 | 1 | 3 | 1 | 2 | 1 | 4 | 1 | 1 | 1 | 2 | 1 | **91** |

[green] More than one time Assessment

[orange] Only one time Assessment

[red] No Assessment

## ဇယား(၂)။ စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိသော ဌာနများနှင့် အလုပ်အကိုင်များ

| စဉ် | ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်ရေး ဌာနအမည် | စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ခြင်း မရှိသော အလုပ်အကိုင်များ နှင့် အသိအမှတ်ပြုထားသည့် ကာလ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | Air Con (L-1) | Cashier (L-1) | Electrician (L-1) | GMAW (L-1) | Machinist (L-1) | Room Attendent (L-1) | Sale Person (L-1) | Waiting Staff (L-1) | Electrician (L-2) | MMAW (L-2) |
| ၁ | CVT(Myanmar) (Yangon) | - | 10/15 - 10/17 | - | - | - | - | - | - | - | - |
| ၂ | Star Resources (Yangon) | - | - | - | - | - | - | - | 9/15-9/17 | - | - |
| ၃ | Thukhasusan (Yangon) | 9/17-9/19 | - | 7/17-7/19 | - | - | - | - | - | 7/17-7/19 | - |
| ၄ | Uniteam (Yangon) | - | - | - | 10/17-10/19 | - | - | - | - | - | 10/17-10/19 |
| ၅ | Mandalay Hotel and Vocational Training School (Mandalay) | - | - | - | - | - | 7/16-7/18 | - | 7/16-7/18 | - | - |
| ၆ | Skills Training Center (Mandalay) | - | - | - | - | - | - | - | - | 7/17-7/19 | - |
| ၇ | Inle HHVTC (Shan) | - | - | - | - | - | 5/17- 5/19 | - | 5/17- 5/19 | - | - |
| ၈ | Hpa-an Lodge Hotel (Kayin) | - | - | - | - | - | 10/17-10/19 | - | - | - | - |
| ၉ | Ngwe Moe Hotel (Mon) | - | - | - | - | - | 10/17-10/19 | - | 11/17-11/19 | - | - |
| ၁၀ | ITC Thagaya (Bago) | - | - | - | - | 9/17-9/19 | - | - | - | - | - |
| ၁၁ | Tongapuri Hotel (NayPyiTaw) | - | - | - | - | - | 11/17-11/19 | - | - | - | - |
| ၁၂ | Mingalar Thiri Hotel (NayPyiTaw) | - | - | - | - | - | - | - | 11/17-11/19 | - | - |
| ၁၃ | Amazing Academy (Chaungtha) (Ayawaddy) | - | - | - | - | - | 12/17-12/19 | - | - | - | - |

## ၆။ Pilot Testအဖြစ်စစ်ဆေးအကဲဖြတ်ရေးဌာနများတွင်စစ်ဆေးအကဲဖြတ်ခဲ့သည့်အလုပ်အကိုင်များ


လုပ်သားများ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးအတွက် ရှေ့ပြေးစီမံကိန်း Pilot Project အဖြစ် Fast Track Skills Test and Certification ကို ဂျာမနီအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (GIZ) ၏ အကူအညီဖြင့် ၂၀၁၄ ခုနှစ် တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ၂၀၁၆ ခုနှစ် အထိ အောက်ဖော်ပြပါ **အလုပ်အကိုင် (၂၆) မျိုး** အတွက် လုပ်သား **စုစုပေါင်း (၁၃၉၉) ဦး** ကို ကျွမ်းကျင်မှု ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ပေးခဲ့ပြီး **လုပ်သား (၁၁၂၈) ဦး** ကို ကျွမ်းကျင်မှု လက်မှတ်များ ထုတ်ပေးနိုင်ခဲ့ပြီး စာရင်းကို **နောက်ဆက်တွဲ (ခ)** ဖြင့် ဖော်ပြအပ်ပါသည်-

(၁) လေအေးပေးစက်တပ်ဆင်သူ(အဆင့် ၁)
(၂) ပရိဘောဂလက်သမား(အဆင့် ၁)
(၃) အဆောက်အဦလက်သမား (အဆင့် ၁)
(၄) အုတ်စီလုပ်သား (အဆင့် ၁)
(၅) လျှပ်စစ်တပ်ဆင်မှုကျွမ်းကျင် (အဆင့် ၁)
(၆) ဟိုတယ်စားပွဲထိုးဝန်ထမ်း (အဆင့် ၁)
(၇) ဂဟေဆက်လုပ်သား (Manual Metal Arc Welder-MMAW) (အဆင့် ၁)
(၈) ဂဟေဆက်လုပ်သား (Gas Metal Arc Welder-GMAW) (အဆင့် ၁)
(၉) အရောင်းဆိုင်ငွေကိုင်ဝန်ထမ်း (အဆင့် ၁)
(၁၀) အထည်ချုပ်ကျွမ်းကျင်သူ (အဆင့် ၁)
(၁၁) အိပ်ခန်းဆောင်ဝန်ထမ်း (အဆင့် ၁)
(၁၂) အရောင်းဝန်ထမ်း (အဆင့် ၁)
(၁၃) မော်တော်ယာဉ်စက်ပြင် (အဆင့် ၁)
(၁၄) သံရည်ကျိုပုံသွန်းလုပ်သား (အဆင့် ၁)
(၁၅) စက်ကိရိယာကိုင်တွယ်မောင်းနှင်သူ (အဆင့် ၁)
(၁၆) လယ်ယာသုံးစက်ကိရိယာစက်ပြင် (အဆင့် ၁)
(၁၇) ကြွေပြားကပ်လုပ်သား (အဆင့် ၁)
(၁၈) အသေးစားစက်ပြင် (အဆင့် ၁)
(၁၉) Pneumatic Technician (အဆင့် ၂)
(၂၀) လေအေးပေးစက်တပ်ဆင်သူ(အဆင့် ၂)
(၂၁) လျှပ်စစ်တပ်ဆင်မှုကျွမ်းကျင် (အဆင့် ၂)
(၂၂) ပရိဘောဂလက်သမား(အဆင့် ၂)
(၂၃) အဆောက်အဦလက်သမား (အဆင့် ၂)
(၂၄) အုတ်စီလုပ်သား (အဆင့် ၂)

(၂၅) ဂဟေဆက်လုပ်သား (Manual Metal Arc Welder-MMAW) (အဆင့် ၂)

(၂၆) အထည်ချုပ်ကျွမ်းကျင်သူ (အဆင့် ၂)

**ရှေ့ပြေးစီမံချက်တွင် အလုပ်အကိုင် တစ်မျိုးချင်းစီအလိုက် ဖြေဆိုသူများ နှင့် အောင်မြင်သူ များအခြေအနေ**




စစ်ဆေးအကဲဖြတ်ခဲ့သည့် အလုပ်အကိုင် အများစုသည် သတ္တုနှင့် အင်ဂျင်နီယာ လုပ်ငန်းဆိုင်ရာ အလုပ်အကိုင်များ ၊ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်များ ၊ လျှပ်စစ်လုပ်ငန်းဆိုင်ရာ အလုပ်အကိုင်များ ၊ အထည်ချုပ်လုပ်ငန်းဆိုင်ရာ အလုပ်အကိုင်များ ၊ စက်မှုလယ်ယာ အလုပ်အကိုင်များ ၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆိုင်ရာ အလုပ်အကိုင်များ ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်များ ဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။ ထပ်မံပြီး အောက်ဖော်ပြပါ ကဏ္ဍများတွင်ပါဝင်သော အလားအလာ ကောင်းမွန်မည့် အလုပ်အကိုင်များအတွက် လည်း ရေတို ၊ ရေရှည် အစီအမံများ ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်-

(က) ကျန်းမာရေးကဏ္ဍ

(ခ) ဆက်သွယ်ရေးကဏ္ဍ

(ဂ) ပို့ဆောင်ရေးကဏ္ဍ

(ဃ) စိုက်ပျိုးရေး ကဏ္ဍ

(င) မွေးမြူရေးကဏ္ဍ

## ၇။ ကျွမ်းကျင်လုပ်သား (၅၀၀၀) လက်မှတ်ထုတ်ပေးရေးစီမံချက် (၂၀၁၇-၂၀၁၈)

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) မှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် အတွင်း နိုင်ငံတော်အစိုးရ၏ ခွင့်ပြုရန်ပုံငွေ (ဘတ်ဂျက်) ဖြင့် အကောင်အထည်ဖော်ခဲ့သည့် ကျွမ်းကျင် လုပ်သား (၅၀၀၀) လက်မှတ်ထုတ်ပေးရေးစီမံချက် တွင် အောက်ဖော်ပြပါ အလုပ်အကိုင် (၂၀)မျိုးကို စစ်ဆေးအကဲဖြတ်ရေးဌာန (၃၆) ဌာန တွင် **လုပ်သားစုစုပေါင်း (၅၈၅၅) ဦး** ကို စစ်ဆေးအကဲဖြတ်ခဲ့ပြီး **လုပ်သား (၅၁၆၄) ဦး** အောင်မြင်ခဲ့ကြောင်း တွေ့ရှိရပါပြီး အသေးစိတ်စာရင်းကို **နောက်ဆက်တွဲ (ဂ)** ဖြင့် ဖော်ပြအပ်ပါသည်-

(၁) လေအေးပေးစက်တပ်ဆင်သူ(အဆင့် ၁)

(၂) အဆောက်အဦလက်သမား (အဆင့် ၁)

(၃) အုတ်စီလုပ်သား (အဆင့် ၁)

(၄) လျှပ်စစ်တပ်ဆင်မှုကျွမ်းကျင် (အဆင့် ၁)

(၅) ဟိုတယ်စားပွဲထိုးဝန်ထမ်း (အဆင့် ၁)

(၆) ဂဟေဆက်လုပ်သား (Manual Metal Arc Welder-MMAW) (အဆင့် ၁)

(၇) ဂဟေဆက်လုပ်သား (Gas Metal Arc Welder-GMAW) (အဆင့် ၁)

(၈) အထည်ချုပ်ကျွမ်းကျင်သူ (အဆင့် ၁)

(၉) အိပ်ခန်းဆောင်ဝန်ထမ်း (အဆင့် ၁)

(၁၀) မော်တော်ယာဉ်စက်ပြင် (အဆင့် ၁)

(၁၁) စက်ကိရိယာကိုင်တွယ်မောင်းနှင်သူ (အဆင့် ၁)

(၁၂) လယ်ယာသုံးစက်ကိရိယာစက်ပြင် (အဆင့် ၁)

(၁၃) ကြွေပြားကပ်လုပ်သား (အဆင့် ၁)

(၁၄) အသေးစားစက်ပြင် (အဆင့် ၁)

(၁၅)ဝန်ချီစက်မောင်း (အဆင့် ၁)

(၁၆) Hydraulic Excavator (အဆင့် ၁)


(၁၇) Rubber Latex Harvesting (အဆင့် ၁)

(၁၈) Pneumatic Technician (အဆင့် ၂)

(၁၉) လေအေးပေးစက်တပ်ဆင်သူ(အဆင့် ၂)

(၂၀) လျှပ်စစ်တပ်ဆင်မှုကျွမ်းကျင် (အဆင့် ၂)

**ကျွမ်းကျင်လုပ်သား ၅၀၀၀ စီမံချက်တွင် ကျွမ်းကျင်မှု အတွက် ဖြေဆိုသူများနှင့် အောင်မြင်သူများ**





မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့အနေဖြင့် ၂၀၁၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည့် ရှေ့ပြေးစီမံချက် မှ ယခု အချိန်အထိ စုစုပေါင်း **အလုပ်အကိုင် (၂၉) မျိုး** အတွက် **လုပ်သား (၇၂၅၄) ဦး** ကို စစ်ဆေးပေးခဲ့ပြီး သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသော **လုပ်သား (၆၂၉၂) ဦး** ကို ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးခဲ့ပါသည်။

အလုပ်အကိုင်များ အနက် အထည်ချုပ်ကျွမ်းကျင်သူ (အဆင့် ၁) **မှာ စုစုပေါင်း (၁၄၁၉) ဦး** ကို စစ်ဆေးအကဲဖြတ်ရေးဌာန (၇) ဌာန တွင် ကျွမ်းကျင်မှု စစ်ဆေးခဲ့ပြီး (၁၂၆၆) ဦးမှာ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသဖြင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်မှု **အများဆုံး** ဖြစ်ကြောင်း တွေ့ရှိရပါသည်။


အုတ်စီလုပ်သား (အဆင့် ၂) သည် စုစုပေါင်း **လုပ်သား (၂၀) ဦး**ကို စစ်ဆေး အကဲဖြတ်ရေး ဌာန (၁) ဌာနတွင် စစ်ဆေးခဲ့ပြီး **(၇) ဦး** အောင်မြင်ခဲ့သဖြင့် အသိအမှတ်ပြု လက်မှတ် ထုတ်ပေးနိုင်မှု **အနည်းဆုံး** ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**၂၀၁၄ ခုနှစ် မှ ၂၀၁၈ ခုနှစ် အထိ အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု ဖြေဆိုသူများနှင့် အောင်မြင်သူများ**




၂၀၁၄ ခုနှစ် မှ ၂၀၁၈ ခုနှစ် (ဧပြီလ) အထိ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းများကို သုံးသပ်ပါက ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန (၃၈) ဌာနသည် စစ်ဆေး အကဲဖြတ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေး ဌာန အနေဖြင့် ဆောက်လုပ်ရေးဗဟို သင်တန်းကျောင်း (သုဝဏ္ဏ) သည် အလုပ်အကိုင် (၅) မျိုး အတွက် စုစုပေါင်း **လုပ်သား (၁၂၃၇) ဦး** ကို စစ်ဆေးအကဲဖြတ်ခဲ့ပြီး **(၁၀၀၅) ဦး** မှာ သတ်မှတ် အရည်အချင်းများ နှင့် ကိုက်ညီသဖြင့် လုပ်သားဦးရေ **အများဆုံး** ကို စစ်ဆေးပေးနိုင်ခဲ့ပါသည်။

သုခစုစံ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနသည် အလုပ်အကိုင် (၁) မျိုးအတွက် စုစုပေါင်း **လုပ်သား (၁၆) ဦး**ကို စစ်ဆေးခဲ့ပြီး **လုပ်သား (၁၁) ဦး** မှာ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသဖြင့် လုပ်သားဦးရေ **အနည်းဆုံး** ကို စစ်ဆေးအကဲဖြတ်ပေးနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။




၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ် (ဧပြီလ) အထိ စစ်ဆေးအကဲဖြတ်ရေးဌာနများတွင် အကဲဖြတ်စစ်ဆေးခြင်း ဆောင်ရွက်မှုများ အကျဉ်းချုပ်

**၈။ စစ်ဆေးအကဲဖြတ်ရေးဌာနများသို့ စစ်ဆေးရေးသွားရောက်ခြင်းနှင့် သွားရောက်ခဲ့သည့် အဖွဲ့များ၏ တွေ့ရှိချက်များ**

စစ်ဆေးအကဲဖြတ်ရေးဌာနများ သို့ ကာလလယ် (Mid Term) သွားရောက်စစ်ဆေးခြင်း ဆောင်ရွက်ခဲ့သည့် စစ်ဆေးရေးအဖွဲ့များ၏ အထွေထွေ သုံးသပ်အကြံပြုချက်များ မှာ အောက်ပါအတိုင်း ဖြစ်ပြီး စစ်ဆေးအကဲဖြတ်ရေးဌာနအချို့တွင် လိုအပ်ချက်များ ရှိနေဆဲ ဖြစ်ကြောင်း တွေ့ရှိရပါသည်-

(က) အလုပ်ရုံအကူဝန်ထမ်းများ လိုအပ်ခြင်း၊

(ခ) ဝန်ထမ်းအင်အားနည်းပါးခြင်း၊

(ဂ) ဆေးသေတ္တာ (first-aid box) ထားရှိရန် လိုအပ်ခြင်း ၊

(ဃ) အရန် မီးစက်ထားရှိခြင်း ၊

(င) အလင်းရောင်လုံလောက်မှု နှင့် လေဝင်လေထွက်ကောင်းမွန်စေရန် ဆောင်ရွက်ခြင်း ၊

(စ) Administrative Document များ ဖြေဆိုသူဆိုင်ရာ ကိုယ်ရေးအချက်အလက်များ ၊ စစ်ဆေး အကဲဖြတ်ရေး မှတ်တမ်းများ ၊ ဖြေဆိုသူများ ၊ စစ်ဆေးရေးမှူးများ၏ စာရင်းများ၊ ဓာတ်ပုံမှတ်တမ်းများကို ဗီရို ၊ စင်များဖြင့် စနစ်တကျသီးခြားထားရှိခြင်း ၊

(ဆ) လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးစနစ် နှင့် ပစ္စည်းသိမ်းဆည်းထားသိုသည့် စနစ်ကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ၊

(ဇ) စစ်ဆေးအကဲဖြတ်ရေးဌာန မှ ဝန်ထမ်းများ ၊ မန်နေဂျာများကို Capacity Building အတွက် အရည်အသွေးစီမံခန့်ခွဲမှု သင်တန်းများ ပေးခြင်း၊

(ဈ) စစ်ဆေးအကဲဖြတ်ရေးဌာနများကို ၆ လ တစ်ကြိမ် ဖြစ်စေ ၊ အချိန်ကာလ တစ်ခု သတ်မှတ်၍ ဖြစ်စေ လုပ်ငန်းဆောင်ရွက်မှု အကျဉ်းတင်ပြသည့် စနစ် (Reporting System) ထားရှိခြင်း ၊

## ၉။ စစ်ဆေးအကဲဖြတ်ရေးဌာနများ၏နည်းပညာနှင့် ဘဏ္ဍာရေးထောက်ပံ့မှု အခြေအနေများ


စစ်ဆေးအကဲဖြတ်ရေးဌာနများ၏ နည်းပညာပိုင်းနှင့် ဘဏ္ဍာရေးပိုင်းတို့ကို ဖော်ပြပါ အတိုင်း အစိုးရ ၊ ပုဂ္ဂလိက နှင့် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ မှ အဓိက ပံ့ပိုးပေးလျက်ရှိကြောင်း တွေ့ရှိရပါသည်။ အစိုးရ အနေဖြင့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများသို့ စစ်ဆေး အကဲဖြတ်ရာတွင် လိုအပ် သော Material များ ၊ Consumable များ ထောက်ပံ့ခြင်း၊ ကျွမ်းကျင် လုပ်သားများအတွက် သင်တန်းများဖွင့်လှစ်ခြင်း ၊ စစ်ဆေး အကဲဖြတ်ရေး ဌာနများ တည်ထောင်ခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ဖြစ်သော GIZ ၊ Swiss Contact စသည့် အဖွဲ့အစည်း များ သည် စစ်ဆေးအကဲဖြတ်ရာတွင် လိုအပ်သော စက်ကိရိယာများ ၊ စက်ပစ္စည်းများ ထောက်ပံ့ ပေးခြင်း ၊ နည်းပညာပိုင်းဆိုင်ရာ ပညာရှင်များ ပံ့ပိုးကူညီခြင်း ၊ ကျွမ်းကျင်မှု အကဲဖြတ် စစ်ဆေးရေးမှူး များ ၊ ကျွမ်းကျင်မှု အကဲဖြတ်စစ်ဆေးရေးဌာန စစ်ဆေးရေးမှူးများ ၊ စစ်ဆေးရေး ဌာန များမှ မန်နေဂျာများ စသည်တို့ကို လိုအပ်သော သင်တန်းများအတွက် ထောက်ပံ့ကူညီခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

ပုဂ္ဂလိက လုပ်ငန်းရှင်များဘက်မှ ကျွမ်းကျင်မှု အကဲဖြတ်စစ်ဆေးရေးဌာနများ တည်ထောင် ဖွင့်လှစ်ခြင်း ၊ အချို့အလုပ်အကိုင်များတွင် စစ်ဆေးအကဲဖြတ်ရာ၌ ကုန်ကျသော စရိတ်များကို ကျခံပေးခြင်း ၊ ကျွမ်းကျင်မှု အကဲဖြတ်စစ်ဆေးခံရန် လုပ်သားများ စေလွှတ်ပေးခြင်း တို့ဖြင့် ပါဝင် ဆောင်ရွက် ပေးလျက် ရှိပါသည်။

လုပ်သားများ အနေဖြင့်လည်း အချို့အလုပ်အကိုင်များတွင် စစ်ဆေးအကဲဖြတ်ရာ၌ ကုန်ကျသော စရိတ်များကို ကိုယ်ပိုင် ကျခံပေးခြင်း၊ ကျွမ်းကျင်မှု အကဲဖြတ်စစ်ဆေးခံယူခြင်း တို့ဖြင့် ပါဝင်ဆောင်ရွက်လျက် ရှိသဖြင့် အစိုးရ ၊ အလုပ်ရှင် ၊ လုပ်သားများ ၊ ပညာရှင်များ နှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

**နည်းပညာနှင့် ဘဏ္ဍာရေး ထောက်ပံ့မှု အခြေအနေ**




**၁၀။ စစ်ဆေးအကဲဖြတ်ရေးဌာနများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုတင်ပြချက်များ**

ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်-

(က) ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ အပြန်အလှန်ထိန်းကျောင်း ကွပ်ကဲနိုင်ရန် အတွက် Section တစ်ခု ထားရှိသင့်ပြီး စစ်ဆေးရေးဌာနများ၏ ဆောင်ရွက်မှုများကို မှတ်တမ်းတင်ခြင်း၊သုံးသပ်တင်ပြခြင်း၊ လိုက်နာဆောင်ရွက်ရန် စည်းမျဉ်းများ ၊ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ကြေငြာခြင်း ၊

လုပ်ငန်း ဆောင်ရွက်နိုင်ခြင်း မရှိသော စစ်ဆေးရေးဌာနများကို အရေးယူခြင်း၊ စည်းကမ်းများနှင့် မကိုက်ညီသော စစ်ဆေးရေး ဌာနများကို သတိပေးခြင်း ၊ သက်တမ်း တိုးခြင်းကို ငြင်းပယ်ခြင်း ၊ စစ်ဆေးရေးဌာန အဖြစ်မှ ပယ်ဖျက်ခြင်း တို့ကို ဆောင်ရွက်သင့်ပါသည်။

(ခ) ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနအားလုံးတွင် NSSA အသိအမှတ်ပြု သည့် စစ်ဆေးရေးဌာနများဖြစ်ကြောင်း ဆိုင်းဘုတ်များ ကို လည်း စာလုံး ၊ အရွယ်အစား ၊ နောက်ခံအရောင် စသည်ဖြင့် တပြေးညီ သတ်မှတ်ပေးရန် လိုအပ်ပါသည်။

(ဂ) ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများကို စစ်ဆေးသော Inspector များ၊ စစ်ဆေးရေး ဌာန တာဝန်ခံများကို လည်း NSSA မှ ပြဋ္ဌာန်းထားသော လုပ်ထုံး လုပ်နည်းများ၊ Guideline များ ၊ Manual များကို သိရှိနားလည်နိုင်ရန် အတွက် ရက်တိုသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသင့်ပါသည်။

(ဃ) အလုပ်အကိုင်အလိုက် စစ်ဆေးရေးမှူးများကိုလည်း သင်တန်းများပေးအပ်ခြင်း ၊ သက်ဆိုင်ရာ စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းခွင်များတွင် လက်တွေ့ဆောင်ရွက်ခြင်း တို့ကို လည်း ဒေသခံများအတွက် ကျယ်ပြန့်စွာ ဆောင်ရွက် သင့်ပါသည်။

(င) စစ်ဆေးရေးဌာနများသည် သက်တမ်း(၂) နှစ်ကုန်ဆုံးပါက သက်တမ်းတိုးနိုင်ရန် အတွက်သက်တမ်းမကုန်ဆုံးမီ(၃)လကြိုတင်၍ လျှောက်ထားပြီး စစ်ဆေးရေးမှူးများမှ နောက်ထပ်သက်တမ်းတိုးမြှင့်နိုင်ရန် ထောက်ခံတင်ပြခြင်း မပြုပါက ငြင်းပယ်ခြင်း ၊ စစ်ဆေးရေးမှူးများ တွေ့ရှိသော လိုအပ်ချက်များကို ပြည့်မီအောင် ဆောင်ရွက်မှသာ သက်တမ်းတိုးလက်မှတ်ထုတ်ပေးခြင်း စသည်တို့ကို ဆောင်ရွက်သင့်ပါသည်။

(စ) ကျွမ်းကျင်မှု စစ်ဆေးရေးမှူးများ၊ စစ်ဆေးရေးဌာန စစ်ဆေးရေးမှူးများ ၏ လုပ်ငန်း ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ စွမ်းဆောင်ရည်များကိုလည်း စဉ်ဆက်မပြတ် အကဲဖြတ် ခြင်းကို ဆောင်ရွက်သင့်ပြီး စွမ်းဆောင်ရည် အားနည်းပါက သင်တန်းများ ပေးအပ် ခြင်း၊ အသိအမှတ်ပြု လက်မှတ်များ ပြန်လည်ရုပ်သိမ်းခြင်း စသည်တို့ကိုလည်း ဆောင်ရွက်သင့်ပါသည်။

(ဃ) ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများ၏ လိုအပ်ချက် အခြေအနေကို စဉ်ဆက် မပြတ်သိရှိစေနိုင်ရန်အတွက် NSSA မှ လုပ်ငန်းသွားရောက်စစ်ဆေးရန် တာဝန် ပေးအပ်သည့်လုပ်ငန်း စစ်ဆေးရေးမှူး (Inspector) များက စစ်ဆေးအကဲဖြတ်ရေး ဌာန များသို့ သွားရောက်စစ်ဆေးပါက **နောက်ဆက်တွဲ ( ဃ )** ပါ မေးခွန်း နမူနာ ပုံစံ များကို အသုံးပြု၍ ဌာနတာဝန်ခံ မန်နေဂျာများကို ဖြေဆိုစေရန် ဆောင်ရွက်သင့်ပြီး လိုအပ်ချက်များကို လည်း ဦးစားပေး အစီအစဉ်များ ချမှတ်ပြီး ကဏ္ဍအလိုက် ဖြေရှင်း သင့်ပါသည်။

**၁၁။ နိဂုံး**

စစ်ဆေးအကဲဖြတ်ရေးဌာနများသည် နေရာဒေသ နှင့် အလုပ်အကိုင် လိုအပ်ချက် အရ မြန်မာနိုင်ငံ ရှိ ဒေသ အနှံ့အပြားတွင် တိုးချဲ့ပြီး စနစ်တကျဆောင်ရွက်သွားရန် အရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် လုပ်ကိုင်နေသော လုပ်သားဦးရေ အချိုးအစားနှင့် နှိုင်းစာပါက ကျွမ်းကျင်မှု လက်မှတ်ထုတ်ပေးနိုင်မှုသည် နည်းပါးသော်လည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြား လာကြောင်းတွေ့ရှိနိုင်ပါသည်။ ကျွမ်းကျင်မှု လက်မှတ်ထုတ်ပေးရေး လုပ်ငန်းစဉ်များသည် ယခင်က မရှိခဲ့ဘူးသော စနစ်တစ်ခုကို ထူထောင်ရသဖြင့် အရှိန်ရလာပါ မြန်ဆန်သွက်လက်လာမည် ဖြစ်ပြီး လုပ်ငန်းရှင်များနှင့် လုပ်သားများ ကျွမ်းကျင်မှုလက်မှတ်၏ တန်ဖိုးကို နားလည် သဘောပေါက်စေရန် အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း အပြုသဘောဖြင့် တင်ပြအပ်ပါသည်။

**မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"**
**သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ အသိအမှတ်ပြု**
**ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနစာရင်း**

နောက်ဆက်တွဲ (က)

**မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority –NSSA ) မှ အသိအမှတ်ပြုထားသော Assessment Center များ**

၁၈/၀၅/၂၀၁၈

| စဉ် | ကုမ္ပဏီအမည် (သို့) သင်တန်းကျောင်းအမည် | လိပ်စာ | အလုပ်အကိုင်များ | အရေအတွက် | ထုတ်ပေးသည့် ရက်စွဲ |
|---|---|---|---|---|---|
